မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၅၁ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၄၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

**ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကျောက်ဖြူခရိုင်တရားသူကြီး ဒေါ်စန်းစန်းရီအား ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၅၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးတင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာမင်းသန်းညွန့် | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံ) ဦးသံဒိုင်အား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းဖြည့်စွက်ချက်**

၁။ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၃) ဖြင့် ထုတ်ပြန်ခဲ့သော ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဤအမိန့်ကြော်ငြာစာဖြင့် ဖြည့်စွက်ထုတ်ပြန်လိုက်သည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အခန်း (၄) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ အပိုဒ် (၆) ၏အောက်တွင် အပိုဒ် (၆-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

> "၆-က။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များတွင် သက်ဆိုင်ရာပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ အဖွဲ့၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ညှိနှိုင်းသတ်မှတ်၍ တာဝန်ယူဆောင်ရွက်ရမည်။"

(ပုံ) သူရရွှေမန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

လွှတ်တော်ရုံး။

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇။ )

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အင်ဂျင်နီယာပညာ**ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်တို့ကို လေ့လာ၊ သင်ကြား၊ လေ့ကျင့်မှုအတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အခြေခံကာ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသော အဆောက်အအုံများ၊ စက်၊ ယာဉ်၊ ယန္တရားများ၊ ကိရိယာတန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များကို ဒီဇိုင်းတွက်ချက်၊ တည်ဆောက်၊ ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသောပညာရပ်ကို ဆိုသည်။

(ခ) **အင်ဂျင်နီယာအထူးပြုပညာရပ်**ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ စသည့် အင်ဂျင်နီယာအထူးပြုပညာရပ်များကို ဆိုသည်။

(ဂ) **နည်းပညာ**ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိဿယများ၊ နည်းလမ်းများ၊ လုပ်ဆောင်ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အင်ဂျင်နီယာနည်းပညာများကို ဆိုသည်။

(ဃ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(င) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဇ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာရရှိထားသူကို ဆိုသည်။

(ဈ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ရရှိထားသူကို ဆိုသည်။

(ည) **အင်ဂျင်နီယာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ရရှိထားသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာမှတ်ပုံတင် လက်မှတ်များကို ဆိုသည်။

(ဌ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ ပညာရှင်လက်မှတ်များကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြု ထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူကို လည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဎ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဏ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ထ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်**ဆိုသည်မှာ အာဆီယံ အပြန်အလှန်အသိ အမှတ်ပြုခြင်းဆိုင်ရာအစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားမှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည် အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာစံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့် လိုအပ်ချက်များ

ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။

## အခန်း (၃)
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ ပါဝင်သည့် ခုနစ်ဦးထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယက အဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ၊ | ၁၅ ဦး |
| (ခ) | အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ၊ | ၁၅ ဦး |
| (ဂ) | အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ၊ | ၁၅ ဦး |
| (ဃ) | ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ။ | ၁၅ ဦး |

၆။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက် အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်သတ်မှတ်တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန်အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက် အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့် အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက် အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ အလုပ် အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ကောင်စီ၏အလုပ်အမှုဆောင် အဖွဲ့ ၁၅ ဦးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့် ကောင်စီဝင်များ၏သက်တမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) ကောင်စီ၏ တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင် အဖြစ် ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ များနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် လက်ရှိ ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီ၏နာယကအဖွဲ့က ကောင်စီအသစ်ကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ပြည်တွင်းပြည်ပရှိ နည်းပညာ တက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ် ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ကောင်စီက အသိအမှတ် ပြုထားသော ဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာအရည်အချင်း များကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်း ရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(င) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာ ဆိုင်ရာကျင့်ထုံးများ၊ နည်းပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာသင်ကြားမှုအဆင့်အတန်းမြင့်မားစေရန်နှင့် အရည် အသွေး ပြည့်ဝသော အင်ဂျင်နီယာဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့်

နည်းပညာဆိုင်ရာပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ်လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအဝေးများ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာအဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊

(ဌ) ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေနှင့်အညီ တာဝန်ခံဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ် ဦးစီးသော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ဍ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊

(၂) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီ၊

(၆) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ၊

(၇) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၈) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်းကော်မတီများ။

(ခ) အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၁။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန် လိုအပ်လာပါက မှတ်ပုံတင် အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၅)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၃။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ် ချမှတ် ခံရခြင်း၊

(စ) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

## အခန်း (၆)
## အစည်းအဝေးများ ကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင် စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း။

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် အစည်း အဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၆။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေး တင်ပြရမည်။

## အခန်း (၇)
## ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၈။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြ တောင်းခံနိုင်သည်။

၁၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

## အခန်း (၈)
## ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၀။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာ ကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင် လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၁။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့်ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

## အခန်း (၉)

## အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော

အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြု လက်မှတ်ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၈။ (က) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက် ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

၂၉။ (က) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။

၃၀။ (က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေး နိုင်သည်။

(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံအပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားမှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်က မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြု သော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာ ဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထား လာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

## အခန်း (၁၀)

## မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၁ ပုဒ်မခွဲ (က) မှ (စ) ထိ အကျုံးဝင်သော တာဝန်နှင့် ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသော နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၃)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့်သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်း များကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမဆို မိမိ ရရှိသော အဆင့်အတန်းနှင့်မလျော်ညီသော ဘွဲ့အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ -

(က) မိမိ၏မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြု စေခြင်း မပြုရ။

(ခ) မိမိ၏မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ဆုံးဖြတ်ချက်ချမှတ်ခြင်း ခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ စ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေနှင့်အညီ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က အင်ဂျင်နီယာ တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အား ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင် နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့် များကို ခံစားခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီး ဌာနက အခါအားလျော်စွာသတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင်တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ။

၄၉။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ် ရရှိရေးကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာ ဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ) က အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )**

၁၃၇၅ ခုနှစ်၊  လ  ရက်

( ၂၀၁၃ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၆၊ ၅၁ နှင့် ၅၃ တို့တွင် ပါရှိသော **အစိုးရအဖွဲ့**ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င) နောက်တွင် ပုဒ်မခွဲ (င-၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င-၁) **ခွင့်ပြုမိန့်ရရှိသူ**ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ သို့မဟုတ် အသင်း ကိုယ်စား စီမံအုပ်ချုပ်သူလည်း ပါဝင်သည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင် ပါရှိသော **နိုင်ငံခြားငွေဖြင့်**ဆိုသည့် စကားရပ်ကို **နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာငွေဖြင့်ဖြစ်စေ**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) နောက်တွင် ပုဒ်မခွဲ (စ-၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ-၁) **ပါမစ်**ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ယာယီ အဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့်၊ တဲ၊ တန်းလျားများ ဆောက်လုပ်ရန် အတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီးကျောက်ရိုင်းများနှင့်

ဖြုန်းများထားရှိရန်အတွက်လည်းကောင်း၊ မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန်အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) နောက်တွင် ပုဒ်မခွဲ (ဈ-၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ-၁) **အသင်းချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ကို ဆိုသည်။

(စ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ) နှင့် (ဍ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဌ) **ဖော်ထုတ်လုပ်ကွက်**ဆိုသည်မှာ ဝန်ကြီးဌာနက ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားခြင်းမရှိသောမြေ၌ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အသင်းကဖြစ်စေ ဖော်ထုတ်ပြီး ကျောက်မျက်ရတနာထွက်ရှိနိုင်သည့် အလားအလာရှိသဖြင့် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားသည့် လုပ်ကွက်ကို ဆိုသည်။

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဆ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော **ကုမ္ပဏီနှင့် သမဝါယမအသင်းများအား**ဆိုသည့် စကားရပ်ကို **ကုမ္ပဏီ၊ အသင်း သို့မဟုတ် ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် လက်လုပ်လက်စားလုပ်ကိုင်သူများအား**ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့်နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန်ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာနယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိ မရှိတို့နှင့် စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သောအခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေကို ရတနာနယ်မြေ သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ထိုပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သောကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက သဘောတူညီချက်မရှိပါက တည်ဆဲမြေသိမ်းအက်ဥပဒေနှင့်အညီ ထိုက်သင့်သောကာလတန်ဖိုးပေး၍ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့် အဆောက်အဦများ၊ ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုပါက အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် မည်သည့်နစ်နာဆုံးရှုံးမှုအတွက်ကိုမျှ ပေးလျော်ရန် တာဝန်မရှိစေရ။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) သက်တမ်းကုန်ဆုံးသည့်အခါတိုင်း ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ပြီး ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ အဆိုပြုလွှာခေါ်ယူရာတွင် ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် ပါရှိသော **လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို သတ်မှတ်ရမည်။** ဆိုသည့် စကားရပ်ကို **လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို လုပ်ငန်းရှင်များအား အဆိုပြုတင်သွင်းခွင့်ပြုပြီး အတည်ပြုသတ်မှတ်ရမည်။** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ဖော်ထုတ်လုပ်ကွက်၏ ပထမအကြိမ် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါတွင် ဒုတိယအကြိမ် ခွင့်ပြုမိန့်သက်တမ်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ပြီး အဆိုပြုလွှာခေါ်ယူရမည်။ ထိုသို့ခေါ်ယူပြီး ခွင့်ပြုမိန့်ထုတ်ပေးသည့်အခါ အဆိုပြုဈေးနှုန်းချင်းတူညီပါက လက်ရှိလုပ်ကိုင်နေသူအား ဦးစားပေး၍ ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၁၅ တွင် အစားထိုးထားသော ပုဒ်မခွဲ (ဂ) နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ဒုတိယအကြိမ် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် တတိယအကြိမ်နှင့် နောက်ထပ် ခွင့်ပြုမိန့်သက်တမ်းအသီးသီးအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်၍ ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာ ခေါ်ယူပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅-ဂ နောက်တွင် ပုဒ်မ ၁၅-ဃ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၅-ဃ (က) လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ လုပ်ငန်းအလိုက် လုံလောက်သောသက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လက်လုပ်လက်စားလုပ်ကိုင်လိုသူအား ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။"

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅-က တွင် ပါရှိသော **ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်**ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၁၅-ခ တွင် ပါရှိသော **ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ**ဆိုသည့် စကားရပ်ကိုလည်းကောင်း **ခွင့်ပြုမိန့်ရရှိသူ**ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) အခန်း (၆) ခေါင်းစဉ်နှင့် ပုဒ်မ ၁၆ ခြေဆင်းတွင် ပါရှိသော **ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း**ဆိုသည့် စကားရပ်ကို **ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူနှင့် ပါမစ်ရရှိသူတို့** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို ဤဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည်။"

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီး ဖြစ်လျှင် -

(က) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် ပုံဖော်ခြင်းတို့ ပြုလုပ်ပြီး ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်နှင့် လက်ဝတ်ရတနာ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် ပုံဖော်ခြင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သက်ဆိုင်ရာမြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာ၏ တာဝန်ရှိသူက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မူရင်း သို့မဟုတ် မူရင်းခွဲနှင့်အတူ လွတ်လပ်စွာသယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာငွေဖြင့်ဖြစ်စေ လွတ်လပ်စွာရောင်းချခွင့်ရှိသည်။

(၃) ဗဟိုကော်မတီက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းချုပ်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍ ရောင်းချခွင့်ရှိသည်။

(၄) နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အသင်းချုပ်က ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) မိမိအစီအစဉ်ဖြင့် နိုင်ငံခြားမှ ရတနာကုန်သည်များကို ဖိတ်ခေါ်၍ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိသည်။"

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ပြုရာတွင် သက်ဆိုင်ရာမြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာ၏ တာဝန်ရှိသူက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မူရင်းကိုဖြစ်စေ၊ ထိုကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် ပုံဖော်ခြင်းတို့ပြုပါက ထိုမှတ်ပုံတင်လက်မှတ်မူရင်းခွဲကိုဖြစ်စေ သက်ဆိုင်ရာက တောင်းခံပါက ပြသရမည်။"

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော **ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း**ဆိုသည့် စကားရပ်ကို **ခွင့်ပြုမိန့်ရရှိသူ**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော **အစိုးရကြီးမှူးကျင်းပသော** ဆိုသည့် စကားရပ်ကို **ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အသင်းချုပ်က ကြီးမှူးကျင်းပသော**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်နှင့် လက်ဝတ်ရတနာပြုလုပ်ခွင့်တို့ ရှိသည်။"

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေအခန်း (၈) ခေါင်းစဉ်နှင့် ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၈)**

**ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ခြင်း**

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သွားရောက်ပြသ၍ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးသွင်း၍ မှတ်ပုံတင်ရမည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းမှာ လေးလံကြီးမားပြီး အလွယ်တကူတင်ပြခြင်းမပြုနိုင်ပါက ထိုကျောက်မျက်ရတနာအရိုင်းတုံး တည်ရှိရာနေရာသို့ လာရောက်၍ ကြည့်ရှုစစ်ဆေးပြီး မှတ်ပုံတင်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အကြောင်းကြားရမည်။

၂၆။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာမှ တာဝန်ရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၄ အရ တင်ပြလာသည့်အခါဖြစ်စေ၊ ပုဒ်မ ၂၅ အရ အကြောင်းကြားလာသည့်အခါဖြစ်စေ ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို ကြည့်ရှုစစ်ဆေး၍ ကျောက်မျက်ရတနာအရိုင်းတုံး၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို မှတ်တမ်းပြုစုခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ပြုပြီး မှတ်ပုံတင်စာအုပ်၌ မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာအရိုင်းတုံးနှင့် စပ်လျဉ်း၍ မှတ်တမ်းမိတ္တူ၊ ဓာတ်ပုံနှင့် မှတ်ပုံတင်လက်မှတ်တို့နှင့်အတူ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာအရိုင်းတုံးကို ခွင့်ပြုမိန့်ရရှိသူအား ထုတ်ပေးရမည်။"

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် ၃၁ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာတွင် မှတ်ပုံတင်ပြီးနောက် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသင်းချုပ်က ကြီးမှူးကျင်းပသော သို့မဟုတ် ခွင့်ပြုသော ကျောက်မျက်ရတနာပြပွဲတွင်လည်းကောင်း၊ သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချသည့်အခါတွင်ဖြစ်စေ၊ ပုဒ်မ ၁၇ ပါ အခွင့်အရေးများအရ ရောင်းချသည့်အခါတွင်ဖြစ်စေ အမှန်တကယ်ရောင်းချရသည့်ငွေအပေါ် ၁၅ ရာခိုင်နှုန်းကို ရတနာခွန် အဖြစ် ရောင်းချရငွေဖြင့် ပေးဆောင်ရမည်။

၂၈။ ပုဒ်မ ၂၇ အရ ၁၅ ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ ပုံဖော်ခြင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို ရောင်းချသူသည် အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ ၃ ရာခိုင်နှုန်းကို ရောင်းချရငွေဖြင့် ပေးဆောင်ရမည်။

၂၉။ ပုဒ်မ ၂၇ အရ ၁၅ ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ပုဒ်မ ၂၈ အရ ၃ ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ လက်ဝတ်ရတနာပြုလုပ်ပြီး ရောင်းချပါက အမှန်တကယ်ရောင်းချရသည့်တန်ဖိုး၏ ၂ ရာခိုင်နှုန်းကို ရောင်းချရငွေဖြင့် ပေးဆောင်ရမည်။

၃၀။ (က) ရတနာခွန်ပေးဆောင်ခြင်းကို ခွင့်ပြုမိန့်ရသူ၏ ငွေစာရင်းသို့ ရောင်းချရငွေ ဝင်သည့်အချိန်တွင် ပြည်ပအရောင်းဖြစ်ပါက နိုင်ငံခြားငွေဘဏ်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များသို့ တိုက်ရိုက်လွှဲပေးသည့်စနစ်ကို ကျင့်သုံး ရမည်။ ပြည်တွင်းအရောင်းဖြစ်ပါက ရောင်းချသူမှ သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များသို့ ဘဏ်မှ ပေးသွင်းသည့်စနစ်ကို ကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်သော လက်လုပ်လက်စားလုပ်ကိုင်ခွင့်ရရှိသူသည် ရတနာခွန်နှင့် အခြားအခကြေးငွေများ ပေးဆောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်သို့ တိုက်ရိုက်ပေးသွင်းသည့်စနစ်ဖြင့် ဖြစ်စေ ပေးဆောင်ရမည်။

၃၁။ ပုဒ်မ ၂၇၊ ၂၈ နှင့် ၂၉ တို့အရ ရတနာခွန်များကို ပေးဆောင်ပြီးပါက ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ မြန်မာငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းတို့အတွက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင် ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။"

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | --- | ဥက္ကဋ္ဌ |
| (၂) | အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏<br>ဥက္ကဋ္ဌ | --- | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာန၊<br>အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | --- | အဖွဲ့ဝင်များ |
| (၄) | ကျောက်မျက်ရတနာဆိုင်ရာပညာရှင်များ၊<br>ကျွမ်းကျင်သူများ | --- | အဖွဲ့ဝင်များ |
| (၅) | အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ<br>အနက်မှ ၁၀ ဦးထက်မပိုသော<br>ကိုယ်စားလှယ်များ | --- | အဖွဲ့ဝင်များ |
| (၆) | သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သူ | --- | အတွင်းရေးမှူး |
| (၇) | အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏<br>အတွင်းရေးမှူး | --- | တွဲဖက်အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(င) ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချရသော ကျောက်မျက်ရတနာရောင်းရငွေများ အပေါ် ရတနာခွန်နှင့် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခြားအခွန်အခများ အပြည့်အဝရရှိစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(စ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်အား ကြီးမှူးကျင်းပစေခြင်းနှင့် ဗဟိုကော်မတီက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ် ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း။"

၁၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ပါမစ်ရရှိသူကဖြစ်စေ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း သတ္တုတွင်းဝန်ကြီးဌာနသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေး၍ ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း၊

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် ပါမစ်ရရှိသူအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အသင်းအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း။"

၁၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) တို့တွင် ပါရှိသော **တရားမဝင်**ဆိုသည့် စကားရပ်ကို **ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ**ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မ ၃၉ တွင် ပါရှိသော **ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်း** ဆိုသည့် စကားရပ်ကို **ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ် ၂၀** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မ ၄၀ နှင့် ၄၃ တို့တွင် ပါရှိသော **ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား စီမံအုပ်ချုပ်သူက ဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရှိသူကဖြစ်စေ**ဆိုသည့် စကားရပ်ကို **ခွင့်ပြုမိန့် ရရှိသူက**ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၆ ကို ပယ်ဖျက်ရမည်။

၂၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ ပုဒ်မ ၉ မှ ပုဒ်မ ၁၃ အထိ ပါရှိသော ရတနာနယ်မြေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ သို့မဟုတ် အသင်းနှင့်သာ သက်ဆိုင်စေရမည်။"

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သတ္တုတွင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာန၊ ဗဟိုကော်မတီနှင့် စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )

### နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

ဦးကိုကိုမောင် ဗိုလ်မှူးကြီး (ငြိမ်း) အဖွဲ့ဝင်
Executive Director
Air Mandalay Ltd

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**[ ယခင်အပတ် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅ မှအဆက် ]**

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၈။ မည်သူမဆို ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။ လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၂) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည့် ကျောက်မျက်ရတနာအရိုင်းမှတစ်ပါး တရားမဝင် ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်းလုပ်ငန်း၊ လက်ဝတ်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အကွက်ဖော်ခြင်း၊ အရောင်တင်ခြင်း၊ တစ်နည်းနည်းဖြင့် မပြုလုပ်ရ။ ယင်းသို့ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ရရှိထားသောလိုင်စင်ကို တစ်ဆင့် ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။ ယင်းသို့ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ဤဥပဒေအရ ဖွဲ့စည်းထားသောကော်မတီ သို့မဟုတ် ဖွဲ့စည်းထားသောစစ်ဆေးရေးအဖွဲ့က လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းအပေါ် ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း မပြုရ။ ယင်းသို့ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၂) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၃။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာ အရိုင်း၊ အချောထည်၊ လက်ဝတ်ရတနာနှင့် ငွေကြေးတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ယာဉ်နှင့်အခြားစက်ကိရိယာပစ္စည်း၊ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၂၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၂၅။ ပြည်သူ့ရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် စစ်ဆေးရေးအဖွဲ့က ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများကို ပေးရမည်။

၂၆။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် စစ်ဆေးရေးအဖွဲ့တို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၂၈။ ပုဒ်မ - ၁၇ အရ အရေးယူသောပြစ်မှုတွင် ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည်ဟု သက်သေပြရန်တာဝန်မှာ အရေးယူခြင်းခံရသူအပေါ် ကျရောက်သည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် -

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

## မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျ ထိန်းကျောင်းရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **တိရစ္ဆာန်**ဆိုသည်မှာ ငါးမှအပ နို့တိုက်သတ္တဝါ၊ ငှက် သို့မဟုတ် ပျားကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းနှင့်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သောသတ္တဝါတို့လည်း ပါဝင်သည်။

(ဇ) **တိရစ္ဆာန်ထွက်ပစ္စည်း**ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော ပစ္စည်း၊ အင်္ဂါအစိတ်အပိုင်းနှင့် အရာဝတ္ထုတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့်ပျားအုံတို့မှရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

(ဈ) **တိရစ္ဆာန်မွေးမြူရေး**ဆိုသည်မှာ လူတို့စားသုံးရန်အတွက်ဖြစ်စေ၊ ခိုင်းစေရန်အတွက်ဖြစ်စေ၊ အိမ်ဉပစာအတွင်း မွေးမြူရန်အတွက်ဖြစ်စေ၊ မွေးမြူရေးထုတ်ကုန်များထုတ်လုပ်ရန်ဖြစ်စေ သို့မဟုတ် မျိုးပွားရန်နှင့် မျိုးဖြန့်ဖြူးရန်အတွက်ဖြစ်စေ၊ တိရစ္ဆာန်ကို တစ်နည်းနည်းအသုံးပြုရန်ဖြစ်စေ တစ်ပိုင်တစ်နိုင် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ည) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ ဝန်ကြီးဌာနက မည်သည့်အတိုင်းအတာထိ မွေးမြူခြင်းသည် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း သတ်မှတ်ချက်နှင့်အကျုံးဝင်သောလုပ်ငန်းကို ဆိုသည်။

(ဋ) **တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းမဟုတ်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဌ) **ထိန်းကျောင်းခြင်း**ဆိုသည်မှာ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းဖြစ်စေ အမျိုးအစားအလိုက် စောင့်ရှောက်မှုနည်းလမ်းများ၊ သတ်မှတ်ချက်များဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆိုသည်။

(ဍ) **စားကျက်မြေ**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် အဓိကလိုအပ်ချက်ဖြစ်သည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ စားသုံးရန်အတွက် လွတ်ကျောင်း၍ရနိုင်သော သက်ဆိုင်ရာမှ သတ်မှတ်ထားသည့်မြေကို ဆိုသည်။

(ဎ) **ကူးစက်ရောဂါ**ဆိုသည်မှာ ကူးစက်ရောဂါဖြစ်သည်ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြေညာထားသော တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **လိုင်စင်**ဆိုသည်မှာ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ဝန်ကြီးဌာနက ထုတ်ပေးသည့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိရစ္ဆာန်မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်စေရန်၊

(ဂ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျထိန်းချုပ်နိုင်ရန်၊

(ဃ) တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ လူမှ တိရစ္ဆာန်သို့လည်းကောင်း ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရန်၊

(င) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီရန်၊

(စ) ဒေသဆိုင်ရာတိရစ္ဆာန်မျိုးရင်းများ ထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးရန်၊

(ဆ) တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်ခြင်းမှ အကာအကွယ်ပေးရန်။

## အခန်း (၃)
## တိရစ္ဆာန်မွေးမြူရေး

၄။ ဦးစီးဌာနသည် တိရစ္ဆာန်မွေးမြူရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်မွေးမြူလိုသူများအား ခေတ်မီနည်းစနစ်များဖြင့် မွေးမြူနိုင်ရေးအတွက် နည်းပညာများဖြန့်ဖြူးခြင်း၊ တိုးတက်အောင်မြင်အောင် အားပေးကူညီခြင်း၊

(ခ) တိုင်းဒေသကြီးနှင့်ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ခြင်း၊ သုတေသနပြုခြင်း၊ တိုးတက်အောင်မြင်အောင် အားပေးကူညီခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ သတ်မှတ်၍ နည်းပညာပေးခြင်း၊ စစ်ဆေးကြီးကြပ်ခြင်း၊

(ဃ) စီးပွားရေးအလို့ငှာ မျိုးပွားရန်နှင့်မျိုးဖြန့်ဖြူးရန်အတွက် မွေးမြူထားသော တိရစ္ဆာန်များ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို လိုအပ်သလို စစ်ဆေးကြီးကြပ်ခြင်း၊ ထိန်းသိမ်းထားရှိစေခြင်း၊

(င) တိရစ္ဆာန်တစ်မျိုးချင်းအလိုက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းအား ကောင်ရေပမာဏသတ်မှတ်ခြင်း၊ လိုအပ်သလို စစ်ဆေးကြီးကြပ်ခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ သဘာဝပေါက်ပင်နှင့်သီးနှံများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊

(ဆ) တိရစ္ဆာန်မှတစ်ဆင့် လူကို ကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းနှင့် အများပြည်သူကျန်းမာရေးအတွက် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများကို စစ်ဆေးခြင်းတို့ပါဝင်သော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဇ) ပျားမွေးမြူခြင်းဆိုင်ရာလုပ်ငန်းများကို ပျားလုပ်ငန်းဌာနနှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ခြင်း၊

(ဈ) တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မွေးမြူရေးခြံလုပ်ငန်းများအား စစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း အစရှိသောဝန်ဆောင်မှုများအတွက် အခကြေးငွေများ သတ်မှတ်ကောက်ခံခြင်း၊

(ည) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခြင်း၊

## အခန်း (၃)

## မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း

၅။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ကို သတ်မှတ်ထားသည့်နည်းလမ်း၊ စည်းကမ်းချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းစည်းကမ်းများနှင့်အညီ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိရပါက တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၇။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်။ စစ်ဆေးခ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် ထုတ်ပေးခနှင့် အခြားစရိတ်ငွေများသည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၄)

## တိရစ္ဆာန်မွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်ခြင်း

၈။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို အသင်းအဖွဲ့ဖြင့် စီးပွားဖြစ်လုပ်ငန်းအဖြစ် ဆောင်ရွက်လုပ်ကိုင်လိုသူများသည် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အသင်းအဖွဲ့များကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်၍ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

## အခန်း (၆)

## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များ

၉။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် လုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် -

(က) ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းစည်းကမ်းများနှင့်အညီ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း မှတ်တမ်းထားရှိရမည့်အပြင် ဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

(ခ) ပြင်ပ (မေထုန်မဲ့) သားစပ်ခြင်း၊ သန္ဓေသားလောင်း ထည့်သွင်းသားဖောက်ခြင်းနည်းစနစ်ဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ပါက သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ရရှိသူဖြင့်သာ ဆောင်ရွက်ရမည်။

(ဂ) တိရစ္ဆာန်များကို ရောင်းချသည့်အခါ ယင်းတို့နှင့်အတူ တိရစ္ဆာန်မျိုးရိုးစဉ်ဆက်ပြမှတ်တမ်းနှင့် ဦးစီးဌာနမှထုတ်ပေးသည့် ရောဂါကင်းရှင်းရေးဆောင်ရွက်ခြင်းဆိုင်ရာ အထောက်အထား လက်မှတ် ပူးတွဲပါရှိရမည်။

(ဃ) အမမျိုးဥ၊ အအေးခံသားမျိုးရည်၊ သန္ဓေသားလောင်းနှင့် အခြားတိရစ္ဆာန်မျိုးရိုးဗီဇပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်ပါက ယင်းတို့ကို စုဆောင်းခြင်း၊ မျိုးပွားခြင်း၊ ရောင်းချခြင်းဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းထားရှိရမည်။

(င) တိရစ္ဆာန်မျိုးပွားရေး၊ ရှင်သန်ကြီးထွားရေးအတွက် သင့်လျော်သည့်ပတ်ဝန်းကျင် စီစဉ်ထားရှိရမည်။

(စ) တိရစ္ဆာန်များအား ၎င်းတို့၏ အမျိုးအစားအလိုက် ရှင်သန်ကြီးထွားနိုင်သည့် အပူချိန်နှင့် အလင်းရောင်ကောင်းစွာမရရှိသောနေရာ၊ ခြံ၊ လှောင်အိမ်အတွင်း ထားရှိ အစာကျွေးခြင်း မပြုရ။

(ဆ) အမှိုက်သရိုက်၊ အညစ်အကြေးစွန့်ပစ်နေရာတွင် တိရစ္ဆာန်ကို မွေးမြူခြင်း၊ အမှိုက်သရိုက်၊ အညစ်အကြေးကို ကျွေးမွေးခြင်း မပြုရ။

(ဇ) တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်၍ စံချိန်စံညွှန်းနှင့်မညီသည့် အစာ၊ ဖြည့်စွက်စာ၊ တားမြစ်ထားသည့်ဆေးဝါးများ၊ ဆေးဝါးတုများကို ထည့်သွင်းဖော်စပ် ကျွေးမွေးခြင်း မပြုရ။

(ဈ) ဦးစီးဌာနမှသတ်မှတ်သည့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အဏုဇီဝ လုံခြုံရေး (Bio Security) လုပ်ငန်းညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ည) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရမည်။

(ဋ) တိရစ္ဆာန်၏ အညစ်အကြေးများနှင့် အသုံးမပြုသော တိရစ္ဆာန်ထွက်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် စနစ်တကျ စီမံဆောင်ရွက်ရမည်။

၁၀။ အောက်ပါနေရာဒေသများတွင် စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ -

(က) သောက်သုံးရေအတွက် ကာကွယ်ထိန်းသိမ်းထားသည့် နေရာဒေသ၊

(ခ) သမိုင်းဝင်နေရာများနှင့် ရှုခင်းသာနေရာများ၊

(ဂ) အချက်အချာကျသည့် သီးသန့်သဘာဝနယ်မြေဒေသများနှင့် ကြားခံကာကွယ်ဒေသများ၊

(ဃ) မြို့ပြလူနေရပ်ကွက်များ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံပညာသုတေသနဆိုင်ရာ နေရာဒေသများနှင့် အခြားလူနေထူထပ်သည့် နေရာဒေသများ၊

(င) တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားသည့် နယ်မြေဒေသများ။

## အခန်း (၇)

## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ အခွင့်အရေးများ

၁၁။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် လုပ်ကိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနမှ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ တိရစ္ဆာန်များကို မွေးမြူလုပ်ကိုင်ခွင့်ရရှိပါက တိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ တိုင်းဒေသကြီးအတွင်းနှင့် တိုင်းဒေသကြီးပြင်ပသို့ သတ်မှတ်စည်းကမ်းများနှင့်အညီ ရွှေ့ပြောင်းမွေးမြူခြင်း၊ သယ်ယူခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုနိုင်ရန် လျှောက်ထားနိုင်သည်။ ထို့အပြင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီး၏ထောက်ခံချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်၍ နိုင်ငံခြားသို့လည်း တင်ပို့ခြင်းပြုရန် လျှောက်ထားနိုင်သည်။

၁၂။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် လိုအပ်သည့် ဘဏ်ချေးငွေရရှိရေး၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ဦးစီးဌာနသို့ အကူအညီတောင်းခံခွင့်ရှိသည်။

၁၃။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ ဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ ပြည်ပမှတင်သွင်းခြင်းအတွက် သက်ဆိုင်ရာဌာနများသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၈)

## တိရစ္ဆာန်ထိန်းကျောင်းရေး

၁၄။ ဦးစီးဌာနသည် တိရစ္ဆာန်ထိန်းကျောင်းရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိန်းကျောင်းခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများနှင့် ရောဂါကာကွယ်ခြင်းစံများ သတ်မှတ်၍ လိုက်နာစေရန် ပညာပေးခြင်း၊

(ဂ) တိရစ္ဆာန်ဖြင့် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲနိုင်သည့် အများဆုံးဝန်အလေးချိန်နှင့် အလုပ်ခိုင်းစေရန်အချိန်ကာလ သို့မဟုတ် အလုပ်ချိန်ကာလကို တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဃ) တစ်ပိုင်တစ်နိုင် သို့မဟုတ် စီးပွားဖြစ်မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအမျိုးအစားအလိုက် ထိန်းသိမ်းစောင့်ရှောက်မှုနည်းလမ်းများ၊ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်း၊

(င) တိရစ္ဆာန်များကို စနစ်တကျထိန်းကျောင်းခြင်းနှင့်စပ်လျဉ်း၍ လိုက်နာသင့်သည့်နည်းလမ်းများကို အများပြည်သူတို့ သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ ဤဥပဒေအရ ထုတ်ပြန်ထားသောတားမြစ်ချက်များမှအပ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိ၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရပါက ဦးစီးဌာနမှ တာဝန်ပေးအပ်သော အရာရှိတစ်ဦးဦးသည် သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ခုခံချေပခွင့်ပြုပြီးမှသာ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ခရိုင်ဦးစီးဌာနမှူးက သတ်မှတ်ထားသည့်အတိုင်း ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) အလားတူ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိပါက ဤဥပဒေ အခန်း (၉) အရ အရေးယူရာတွင် ငွေဒဏ်ကိုသာ ချမှတ်ခြင်း။

## အခန်း (၁၀)

## အယူခံခြင်း

၁၆။ (က) ဦးစီးဌာန၏ အရာရှိတစ်ဦးဦးက ဤဥပဒေအရ ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးကချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၈။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၁၉။ မည်သူမျှ ဤဥပဒေအရ လိုင်စင်ခွင့်ပြုချက်မရရှိဘဲ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၂၀။ မည်သူမျှ တိရစ္ဆာန်မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် မွေးမြူမှုစနစ်များ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများ၊ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၁။ မည်သူမျှ တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) ရက်စက်ကြမ်းကြုတ်စွာ ခိုင်းစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက် ပို၍ တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) နှိပ်စက်ညှဉ်းပန်းခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း၊

(ဃ) အစာရေစာမကျွေးဘဲ ထားခြင်း၊

(င) ရောဂါ သို့မဟုတ် ဒဏ်ရာများရရှိနေပါလျက် ကုသစောင့်ရှောက်မှုမပြုဘဲထားခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် အများပြည်သူဆိုင်ရာနေရာသို့ လွှတ်ထားခြင်း၊

(ဆ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေမည့်၊ ထိခိုက်နစ်နာစေမည့် စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း။

၂၂။ မည်သူမျှ ဤဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်သည်ကို ဥပဒေနှင့်ဆန့်ကျင်လျက် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၂)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ပုဒ်မ ၁၉ နှင့် ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးသူသည် အလားတူပြစ်မှုကို ထပ်မံကျူးလွန်ပါက ယခင်ကျခံခဲ့ပြီးသော ပြစ်ဒဏ်ထက်ပိုမိုသော ပြစ်ဒဏ်ကို စီရင်ခြင်းခံရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၇။ တရားရုံးသည် ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသောပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်ဆီးရန် အမိန့်ချမှတ်နိုင်သည်။

၂၈။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်း သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၂၉။ ဤဥပဒေပါ ပြစ်မှုများကို အရေးယူရာတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၃၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၁။ ဤဥပဒေအရ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ထိန်းကျောင်းခြင်းစနစ်များကို စစ်ဆေးကြီးကြပ်ရာတွင် -

(က) လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) စစ်ဆေးမှုကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ရမည်။

(ဃ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းစံများကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၃၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်သောပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၄။ ဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေအရ ပေးဆောင်ရန်ရှိသော စစ်ဆေးခနှင့် အခြားစရိတ်ကြေးငွေများကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)**

ပဲခူးမြို့၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

**ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊
လွှတ်တော်ရုံးအကြီးအမှူး၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

**ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃။ )**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂)၊ အပိုဒ် (၁) (ဃ) တွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီးဥပဒေပြုစာရင်းအရ ယစ်မျိုးခွန်သတ်မှတ်ရေးနှင့်ပတ်သက်၍ ခေတ်စနစ်နှင့်လျော်ညီသည့် အခွန်နှုန်းထားများ ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးသောဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးအမှူးကို ဆိုသည်။

(င) **ခရိုင်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုသည်။

(ဆ) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂ (ဈ) နှင့် ယစ်မျိုးကုန်ပစ္စည်းနည်းဥပဒေအရ သတ်မှတ်ထားသောအခွန်များကို ဆိုသည်။

(ဇ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisable article)** ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် အရက် အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ဈ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် ယစ်မျိုးခွန်နှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ည) **အရက် (Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် Alcohol ၂ ရာခိုင်နှုန်းထက်ပို၍ပါသော အရက်များကို ခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ၁၉၁၇ ခုနှစ် ယစ်မျိုးအက်ဥပဒေအရ အရက် (Alcohol) ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် အရာများလည်း ပါဝင်သည်။

(ဋ) **ဘီယာ (Ale.Stout.Porter)** ဆိုသည်မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာဝတ္ထုများ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာဝတ္ထုများကို ဆိုသည်။

(ဌ) **ဈစ်ရည်**ဆိုသည်မှာ ကစော်ဖောက်၍ ပြုပြင်ထားသောအရက်ပြန်ပါသည့် မူးယစ်စေသော သေရည် (သို့) ဘီယာတစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် Alcohol ပါဝင်သည့် မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဎ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်များမှ ထွက်ရှိသည့်အရည်များကို ဆိုသည်။

(ဏ) **တည်အရက် (Fermented Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(တ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး Alcohol ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ထ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၆၅ (၂) (၁) အရ ပြုလုပ်သည့် နည်းဥပဒေများအရ လူတို့သောက်သုံးရန် မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဒ) **ချက်လုပ်ခြင်း**ဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် (သို့မဟုတ်) ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်း စသည်တို့ ပါဝင်သည်။

(၂) ပြန်လည်ပေါင်းခံခြင်း (Redistillation)၊

(၃) Alcoholic ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(ဓ) **လက်လီ (သို့မဟုတ်) လက်ကားရောင်းချမှု (Retail and whole Sale)** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အခြင်အတွယ် အတိုင်း ရောင်းချခြင်းကို ဆိုသည်။

(န) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

(ပ) **သဘောရိုးဖြင့် ဆောင်ရွက်ခြင်း**ဆိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်ကို ဆိုလိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားခြင်းအလေ့အထ ပြန့်ပွားခြင်းကို လျှော့ချရန်၊

(ခ) တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ကို ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်သာမဟုတ်ဘဲ ၎င်းကို သောက်စားသုံးစွဲခြင်းလျော့ပါးစေရန်အတွက် အခွန်ကောက်ခံသည်ဟု စိတ်နှလုံးသွင်းစေရန်၊

(ဃ) တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သောအခွန်ငွေကို ဥပဒေနှင့်အညီ တိုးမြှင့်ရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ဤဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များ အပြင် နောက်ဆက်တွဲပါ ယစ်မျိုးလိုင်စင်အမျိုးအစားနှင့် နှုန်းထားများအတိုင်း ကောက်ခံရန်သတ်မှတ်သည်။

၅။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထိ ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့်အချိန် တွင် တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထက်မှ ကျပ် ၃၀၀၀၀၀၀ အထိ ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့်အချိန်၌ ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်၏ ပထမ (၆) လအတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၇။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၃၀၀၀၀၀၀ အထက် ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့် အချိန်၌ ကျသင့်ငွေ၏သုံးပုံတစ်ပုံကို ပေးသွင်းစေပြီး ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်၏ ပထမ (၆) လအတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးလိုင်စင်ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ပြန်လည်အပ်နှံခွင့်ပြုသည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန် အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## ယစ်မျိုးလိုင်စင်အမျိုးအစားများ

၁၀။ အောက်တွင် ဖော်ပြထားသော ယစ်မျိုးလိုင်စင်အမျိုးအစားများကို လေလံတင်ရောင်းချရမည် -

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁ | CFL-1 | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၂ | CFL-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၃ | CS-1 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၄ | CS-2 | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၅ | CS-3 | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၆ | FL-7 | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၇ | FL-10 | ဗီယာရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၈ | FL-13 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်။ |

၁၁။ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ပါဝင်သော ယစ်မျိုးလိုင်စင်ချထားရေးလေလံအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၂။ နောက်ဆက်တွဲဇယားပါ ယစ်မျိုးလိုင်စင်အမျိုးအစားများအား သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံ လျှောက်ထား၍ ခွင့်ပြုချက်ရယူရမည်။

**အခန်း (၅)**

**အထွေထွေ**

၁၃။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၄။ ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့် အပ်နှင်းထားသောပုဂ္ဂိုလ်၏ သဘောရိုးဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၁၅။ ယစ်မျိုးလိုင်စင်ရရှိသူသည် ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်အားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်းခံရမည်။

၁၆။ ဝန်ကြီးသည် ဤကိစ္စအလို့ငှာ ခရိုင်အုပ်ချုပ်ရေးမှူးအား ကော်လိတ္တော်အရာရှိလုပ်ပိုင်ခွင့်များကို အပ်နှင်းရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

**(နောက်ဆက်တွဲဇယား)**

## ယစ်မျိုးလိုင်စင်အမျိုးအစားနှင့်နှုန်းထားများ

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင်၊ | ၂၄၀၀၀၀၀ | ၃၀,၀၀၀၀၀ | |
| | | တစ်နေ့ထွက်ရှိဂါလန် ၅၀-၅၀၀ | | ၅၀,၀၀၀၀၀ | |
| | | ၅၀၀-၁၀၀၀ | | ၁၀၀,၀၀၀၀၀ | |
| | | ၁၀၀၀ အထက် | | | |
| ၂ | D-2 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင်၊ | ၁၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၃ | W-1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင်၊ | ၁၀၀၀၀ | ၁,၀၀၀၀၀ | |
| ၄ | FL-4 | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင်၊ | - | ၆,၀၀၀၀၀ | |
| ၅ | FL-5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင်၊ | - | ၆,၀၀၀၀၀ | |
| ၆ | FL-6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင်၊ မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန်၊ လက်လီရောင်းချခွင့်လိုင်စင်၊ | ၁၂၀၀၀၀၀ | ၁၅,၀၀၀၀၀ | |
| ၇ | B-1 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင်၊ | - | | |
| | | တစ်နေ့ထွက်ရှိဂါလန် ၅၀-၅၀၀ | - | ၃၀,၀၀၀၀၀ | |
| | | ၅၀၀-၁၀၀၀ | - | ၅၀,၀၀၀၀၀ | |
| | | ၁၀၀၀ အထက် | - | ၁၀၀,၀၀၀၀၀ | |
| ၈ | B-2 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့် မရှိသည့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၉ | FL-8 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှ ထုတ်လုပ်သော ဗျစ်ရည်များကို လက်ကားရောင်းချခွင့် လိုင်စင်၊ | ၁၀၀၀၀၀၀ | ၁၅,၀၀၀၀၀ | |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိနှုန်းထား | ပြင်ဆင်နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၀ | FL-8A | ပြည်ပမှ တင်သွင်းသော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင်၊ | - | ၁၅,၀၀၀၀၀ | |
| ၁၁ | FL-9 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှ ထုတ်လုပ်သော ဗျစ်ရည်များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၂ | FL-9A | ပြည်ပမှ တင်သွင်းသော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၅,၀၀၀၀၀ | |
| ၁၃ | FL-11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) အရက်ကို လက်ကားရောင်းချခွင့်လိုင်စင်၊ | ၅,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၄ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင်၊ | ၂,၅၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၅ | FL-14 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို စစ်ဘက်ဆိုင်ရာအရောင်းဆိုင်ကလေး (Military Canteen) များတွင် လက်လီရောင်းချခွင့်လိုင်စင်<br>(က) တပ်ရင်းအတွက်<br>(ခ) တပ်ရင်းထက်ငယ်သော တပ်အဖွဲ့အစည်းများအတွက်၊ | - | - | အမိန့်ကြော်ငြာစာထုတ်၍ သတ်မှတ်ပေးရန် |
| ၁၆ | FL-15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၁၇ | FL-15A | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့) တည်းခိုခန်းဥပစာအတွင်း တည်းခိုသူများသာ သောက်သုံးရန်၊ ဟိုတယ် (သို့) တည်းခိုခန်းပိုင်ရှင် (သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၈ | FL-16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၃,၀၀၀၀၀ | ၄,၀၀၀၀၀ | |
| ၁၉ | FL-17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၆,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၂၀ | FL-17A | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို လူမှုရေးအဖွဲ့အစည်း (Charitable Institute) ဥပစာအတွင်း သောက်သုံးရန် အဖွဲ့အစည်းအာဏာပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၃,၀၀၀၀၀ | |
| ၂၁ | FL-18 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ ပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲတွင် ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၂ | FL-19 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ သောက်သုံးရန် (သို့) ဥပစာ၏ပြင်ပသို့ ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၂၃ | FL-20 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို မီးရထားစားသောက်ခန်းဥပစာအတွင်း ခရီးသည်များသာ သောက်သုံးရန် (သို့) ပြင်ပသို့ ယူဆောင်ရန် စားသောက်တွဲအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၄ | FL-21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး (သို့) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၂,၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၅ | FL-22 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ (သို့) ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ ရောင်းချခွင့် လိုင်စင်၊ | - | - | အမိန့် ကြော်ငြာစာ ထုတ်၍ သတ်မှတ် ပေးရန် |
| ၂၆ | G-1 | ရှာလကာရည်ထုတ်လုပ်ခွင့်လိုင်စင်၊ | - | - | အမိန့် ကြော်ငြာစာ ထုတ်၍ သတ်မှတ် ပေးရန် |
| ၂၇ | FL-23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန်ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သောဝိုင်နှင့် အလားတူ ဖျော်ရည်များကို ဆေးဆရာ (သို့) ကျန်းမာရေး ဝန်ထမ်း (သို့) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့် လိုင်စင်၊ | ၅၀၀၀ | ၅၀၀၀၀ | |
| ၂၈ | FL-24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀ | ၅၀၀၀၀ | |
| ၂၉ | FL-25 | ဂုဏ်သတ္တိပျက်အရက်ပြန်ရောင်းချခွင့်လိုင်စင်၊ | - | ၅၀၀၀၀ | |
| ၃၀ | FL-2C | သန့်စင်ပြီးအရက်ပြန်များကို သိုလှောင် သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချ၊ အရက် ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါး များ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင်၊ | ၅၀၀၀ | ၁,၀၀၀၀၀ | |
| ၃၁ | FL-2D | အရက်ပြန်ပါသည့် ဆေးဝါးများကို မြန်မာ ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင်၊ | ၁၀၀၀ | ၁,၀၀၀၀၀ | |
| ၃၂ | Y-1 | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့် လိုင်စင်၊ | - | ၁,၀၀၀၀၀ | |
| ၃၃ | Y-2 | တဆေးများ ရောင်းချခွင့်လိုင်စင်၊ | - | ၅၀၀၀၀ | |
| ၃၄ | CFL-2 C.S-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည် များနှင့် ဖိုထွက်ချက်အရက်ကို ထုတ်လုပ် ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဆိုင်၏ပြင်ပသို့ ယူဆောင် ရန် လက်လီရောင်းချခွင့်လိုင်စင်၊ | ၇၂၆၀၀၀ | - | ကြမ်းခင်း ဈေး ၇၅၀၀၀၀ ထား၍ လေလံပစ်ရန် |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃၅ | D-1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင်၊ | | ၂၀,၀၀၀၀၀ | |
| ၃၆ | CS-2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀၀ | ၃,၀၀၀၀၀ | |
| ၃၇ | CFL-2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀ | ၁,၀၀၀၀၀ | |
| ၃၈ | | ဘီလပ်ရည်၊ အဖျော်ရည် ထုတ်လုပ်ခွင့်လိုင်စင်။ | - | - | အမိန့်ကြော်ငြာစာထုတ်၍ သတ်မှတ်ပေးရန် |

## တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၃။ )

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(င) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အင်အားဖြင့် မောင်းနှင်၍သော်လည်းကောင်း၊ ဆွဲငင်၍သော်လည်းကောင်း အသုံးပြုသည့်ယာဉ်၊ စက်၊ ထရော်လီဘတ်စ်ကား၊ ဝန်ဆွဲယာဉ် သို့မဟုတ် နောက်တွဲ တစ်ခုခုကို ဆိုသည်။

(စ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် သတ်မှတ်ချက်များနှင့်အညီ ပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်ကို ဆိုသည်။

(ဆ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေသော အငှားယာဉ်၌ လိုင်စင်ရရှိထားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဝန်ဆောင်မှုပေးသူများကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့် အငှားမော်တော်ယာဉ်များဖြင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်။

(ဈ) **ယာဉ်လုပ်ငန်း**ဆိုသည်မှာ အငှားမော်တော်ယာဉ်များကို အသုံးပြု၍ စီးပွားရေးလုပ်ကိုင်သော လုပ်ငန်းကို ဆိုသည်။

(ည) **ပုဂ္ဂလိကအငှားယာဉ်**ဆိုသည်မှာ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ အငှားယာဉ် အဖြစ် မှတ်ပုံတင်၍ စီးပွားရေးအလို့ငှာ ပြေးဆွဲနေသောယာဉ်ကို ဆိုသည်။

(ဋ) **ရန်ပုံငွေ**ဆိုသည်မှာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံ ရရှိသောငွေကို ဆိုသည်။

(ဌ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီ၏ ရုံးလုပ်ငန်းများကိုဆောင်ရွက်ရန် ကော်မတီက ခန့်ထားသူများကို ဆိုသည်။

(ဍ) **ယာဉ်လိုင်းတာဝန်ခံ**ဆိုသည်မှာ သက်ဆိုင်ရာယာဉ်လိုင်းတစ်ခုကို ကိုယ်စားပြု၍ ခရီးသည် ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သူကို ဆိုသည်။ ယင်း စကားရပ်တွင် ဂိတ်မှူးများလည်း အကျုံးဝင်သည်။

(ပ) **စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက ချမှတ်သော ပြစ်ဒဏ် တစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲမှူးကြီးအဆင့်ထက် မနိမ့်သော တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦး | အဖွဲ့ဝင် |

(င) တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အဖွဲ့ဝင်

(စ) ယာဉ်လိုင်းတာဝန်ခံ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဆ) တိုင်းဒေသကြီးဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန အတွင်းရေးမှူး

၄။ တိုင်းဒေသကြီးကော်မတီသည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးရမည်။

၅။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှ သုံးနှစ်ဖြစ်သည်။

## အခန်း (၃)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များ သယ်ယူပို့ဆောင်ပြေးဆွဲရေးလုပ်ငန်းကို ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ စည်းကမ်းသေဝပ်ရေးနှင့် စည်းလုံးညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မော်တော်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးစနစ်များ ခေတ်မီစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(င) မော်တော်ယာဉ်လိုင်းများကို စိစစ်ခွင့်ပြုခြင်း၊

(စ) တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ခရိုင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်လိုင်းများအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) မော်တော်ယာဉ်လိုင်းတစ်ခုခုတွင် ပါဝင်ပြေးဆွဲနိုင်ရန် မော်တော်ယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်၊ အခြားလိုအပ်သောအထောက်အထားများ ပြည့်စုံမှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) တိုင်းဒေသကြီးကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၈။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များ သတ်မှတ်ခရီးသည်အရေအတွက်နှင့် ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) မော်တော်ယာဉ်များ သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) မော်တော်ယာဉ်များ ခွင့်ပြုလုပ်ငန်းအမျိုးအစားအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ယာဉ်လုပ်သားများသည် သတ်မှတ်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) သတ်မှတ်ချက်များနှင့်အညီ ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်း၊

(စ) ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တိုင်းဒေသကြီးကော်မတီနှင့် ခရိုင်ကော်မတီတို့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့်တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်လိုင်းနှင့် ယာဉ်လုပ်ငန်းလျှောက်ထားမှုများကို စိစစ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ခရီးသည်တင်မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဂ) ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်းတို့ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(င) လူနှင့်မော်တော်ယာဉ် အာမခံထားရှိစေရန် စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း။

၁၀။ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ဖွဲ့စည်းပေးခြင်း၊

(ခ) မော်တော်ယာဉ်လိုင်းဝင်ကြေး၊ လစဉ်ကြေးသတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်လိုင်းအမျိုးအစားအလိုက် ပြေးဆွဲမည့် ခရီးလမ်းကြောင်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ယာဉ်လိုင်းတာဝန်ခံများကို မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) ယာဉ်လိုင်းတာဝန်ခံများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) မော်တော်ယာဉ်နှင့် ယာဉ်လုပ်သားများ၏ လိုင်စင်များကို စစ်ဆေးခြင်း၊

(ဆ) မော်တော်ယာဉ်နှင့်သက်ဆိုင်သော ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း။

## အခန်း (၅)
## ဘဏ္ဍာရေး

၁၁။ ကော်မတီသည် နည်းဥပဒေနှင့်အညီ ရရှိသောငွေဖြင့် ရပ်တည်ရမည်။

၁၂။ ကော်မတီ၏ ရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

၁၃။ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ ရန်ပုံငွေကို သုံးစွဲရမည်။

၁၄။ ကော်မတီသည် ရန်ပုံငွေတိုးပွားစေရန်အတွက်လည်းကောင်း၊ လုပ်ငန်းများ တိုးတက်စေရန်အတွက်လည်းကောင်း နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

၁၅။ ကော်မတီဝင်များ၏ ထောက်ပံ့ကြေးနှင့် ဝန်ထမ်းများအတွက် စရိတ်တို့ကို နှစ်စဉ်ရရှိသောဝင်ငွေ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်း မပြုရ။

၁၆။ ကော်မတီသည် ငွေစာရင်း၊ ပစ္စည်းစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိရမည်။

၁၇။ ကော်မတီ၏ စာရင်းအင်းများကို လက်မှတ်ရစာရင်းကိုင်ဖြင့် စစ်ဆေးအတည်ပြုရမည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၈။ ကော်မတီသည် လိုအပ်သော ရုံးဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲပြီး ဝန်ကြီး၏ အတည်ပြုချက် ရယူရမည်။

၁၉။ ကော်မတီသည် ရုံးဝန်ထမ်းများကို သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ စိစစ်ခန့်ထားရမည်။

၂၀။ ကော်မတီသည် ရုံးဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲရန် ကော်မတီရုံးတာဝန်ခံအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၁။ မည်သူမဆို ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ -

(က) ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

(ခ) ပုဂ္ဂလိကအငှားယာဉ် ပြေးဆွဲခြင်း မပြုရ။

(ဂ) မော်တော်ယာဉ်လိုင်းသို့ ဝင်ရောက်ပြေးဆွဲခြင်း မပြုရ။

(ဃ) ပို့ဆောင်ရေးလိုင်စင်မရှိဘဲ ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၈)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၂၂။ ကော်မတီသည် ပုဒ်မ ၂၁ (ခ) (ဂ) (ဃ) တို့တွင် တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်စဲခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် ပယ်ဖျက်ခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်လုပ်ငန်းလုပ်ကိုင်လျှင် -

(က) ပထမအကြိမ် ကျူးလွန်သည့်ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ် ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ချမှတ်ရမည်။

(ခ) နောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ် ကျပ် နှစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ ကော်မတီကဖြစ်စေ၊ ကော်မတီ၏ တာဝန်ပေးအပ်ချက်အရဖြစ်စေ ယာဉ်လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်အရ စစ်ဆေးဆောင်ရွက်သူအား တားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၅။ ကော်မတီများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ကို သုံးစွဲခွင့်ရှိပြီး ဥပဒေနှင့်အညီ ဆက်ခံခွင့်ရှိသည်။

၂၆။ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၂၈။ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီထံသို့ လွှဲပြောင်းပေးရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးကော်မတီသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ ပုဂ္ဂလိကအငှားယာဉ်များ ပြေးဆွဲရေးဥပဒေ (၂၀၁၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

မြတ်ကို၊
ဝန်ကြီးချုပ်၊
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၁၃

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )

နိုင်ငံတော်သမ္မတရုံး၊ အကြံပေးပုဂ္ဂိုလ်များဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အား လစာနှုန်းတူရာထူးဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၃

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ အကြံပေးပုဂ္ဂိုလ်များဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) နေရာတွင် သမ္မတဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးကိုကိုကျော်အား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၃

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၂) မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်းထွေးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတအကြံပေးပုဂ္ဂိုလ်များဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) လစာနှုန်းတူ ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၁၁၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၁၃/၅၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၁/၃ + ၂/၃)၊ မြေဧရိယာ **(၀. ၈၀၄) ဧက**ရှိမြေအား **မူရင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ မင်းဂံရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၅၅၇-က)/ ဘုမေမြောက်ကွင်း၊ ဦးပိုင်အမှတ် (၈ + ၉ + ၁၀ + ၂၀ + ၂၁ + ၂၂) တို့မှ **မြေဧရိယာ (၀. ၃၃၀) ဧက**ရှိ မြေအား **မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၈/၂၀၁၃)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ မော်ဝမ်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၅/၂၊ မော်ဝမ်း)၊ ဦးပိုင်အမှတ် (၁ + ၂ + ၃)၊ မြေဧရိယာ **(၇. ၈၅၃) ဧက**ရှိမြေအား **မြို့ဦးစေတီကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS-၈၁/လုံးခင်းတောင်)၊ ဦးပိုင်အမှတ် (၁၆၆)၊ မြေဧရိယာ **(၂. ၀၉) ဧက**ရှိမြေအား **မေဓိကာရာမပရိယတ္တိစာသင်တိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၈) ရပ်ကွက်၊ အကွက်အမှတ်/အမည် -(၁၁၇)/မဟာဗောဓိအကွက်၊ ဦးပိုင်အမှတ် - ၃ (က) မှ မြေဧရိယာ (၀. ၀၁၉) ဧကနှင့် ဦးပိုင်အမှတ် - ၃ (ခ) မှ မြေဧရိယာ (၀. ၂၀၈) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၂၂၇) ဧက**ရှိမြေအား **ဓမ္မာနုဂ္ဂဟဖလုံးပုသိမ်ပရိယတ္တိစာသင်တိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၄/၂၀၁၃)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉၃/ ဈေးကြိုအရှေ့)၊ ဦးပိုင်အမှတ် (၈၂ - က^၁) မှ **မြေဧရိယာ (၄. ၄၇) ဧက**ရှိမြေအား **တိပိဋကကမ္ဘောဇကျောင်းတိုက်** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၅/၂၀၁၃)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်/အမည် (TL-၅/ခ၊ မဟာဗန္ဓုလအကွက်)၊ မြေကွက်အမှတ် (၄၂၂) မှ **မြေဧရိယာ (၁. ၀၁၉) ဧက**ရှိမြေအား **ငြိမ်းချမ်းရိပ်မြုံဓမ္မရိပ်သာကျောင်း** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၆/၂၀၁၃)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၈) ရပ်ကွက်၊ အကွက်အမှတ်/အမည် -(၁၂၀)/စမ်းကံကုန်းအကွက်၊ ဦးပိုင်အမှတ် - (N-၁) မှ **မြေဧရိယာ (၀. ၀၆၇) ဧက**ရှိမြေအား **ဓမ္မာနုဂ္ဂဟဖလုံးပုသိမ်ပရိယတ္တိစာသင်တိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## (မြို့တော်ခန်းမ)

ရန်ကုန်မြို့၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

အမှတ် ၁။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၄၈) (၃) အရ အောက်ဖော်ပြပါ ဌာနခွဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၉) ဦးအား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဌာနမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ကိုယ်ပိုင်အမှတ် | မူလဌာန | တိုးမြှင့်ခန့်ထားသည့်ဌာန |
|---|---|---|---|
| ၁။ | ဦးဇော်မြင့် (မစ-၀၂၆၃) | ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန | ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန |
| ၂။ | ဦးမျိုးဆွေ (မစ-၀၄၅၄) | အင်ဂျင်နီယာဌာန (အဆောက်အအုံ) | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၃။ | ဒေါ်မြင့်မြင့်အေး (မစ-၀၄၅၇) | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) |
| ၄။ | ဦးအောင်ငွေတိုး (မစ-၀၄၆၁) | အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) | ရာပြတ်ဌာန |
| ၅။ | ဒေါ်ဂျက်စမင်းလွင်အေး (မစ-၀၄၈၆) | ညှိနှိုင်းဆောင်ရွက်ရေးဌာန | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၆။ | ဦးမြင့်စိန် (မစ-၀၆၇၈) | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) |
| ၇။ | ဦးသန့်ဇင်မြတ် (မစ-၀၄၇၀) | အင်ဂျင်နီယာဌာန (အဆောက်အအုံ) | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၈။ | ဒေါ်မာလာ (မစ-၀၄၇၉) | အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) | ထုတ်လုပ်ရေးဌာန [အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တွဲဖက်] |
| ၉။ | ဒေါက်တာလီလီဝင်း (မစ-၀၃၄၀) | ကျန်းမာရေးဌာန | ကျန်းမာရေးဌာန |

ဌာနကြီးမှူး၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of Myanmar Companies Act and

**IVANHOE MYANMAR HOLDINGS, LIMITED**

Notice to Creditors

[Notice under Section 209 A (2)]

Notice is hereby given that the Creditors' Meetings of Ivanhoe Myanmar Holdings, Limited will be convened at No. 234, A-1, U Wisara Road, Kamayut Township, Yangon Region, the Republic of the Union of Myanmar on January 29, 2014 at 10:00 a.m just after holding the shareholders' Extra-Ordinary General Meeting, for the following purpose:-

1. to appoint a suitable liquidator (or) liquidators for the purpose of winding-up the affairs and distributing the assets of the Company under Section 209 (B); and

2. to appoint, if they deem fit, a committee of inspection under Section 209 (C).

It is also notified that creditors are required to put up their claims together with supporting documents at the above address on or before the date of the meeting, failing which their claims will not be entertained in the liquidation and distribution of the assets.

Mr. Ian Frederick Wootten
President & Representative
Ivanhoe Myanmar Holdings, Limited

**MYANMAR MOTOR CORPORATION**
**TRADING PUBLIC COMPANY LIMITED ၏**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **MYANMAR MOTOR CORPORATION TRADING PUBLIC COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၈-၁၂-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် - (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A)., C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသိန်းသန်းဌေး
မန်နေးဂျင်းဒါရိုက်တာ
မြန်မာမော်တော်ယာဉ်ကော်ပိုရေးရှင်း
ရောင်းဝယ်ရေးများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဦးမြိုင်
[B.Com(A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၅၁၃၅၆၁

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**သေးငယ်သောအထည်ချုပ်ကုမ္ပဏီလီမိတက်**
**(Micro Garment Co., Ltd)**

(အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

**သေးငယ်သောအထည်ချုပ်ကုမ္ပဏီလီမိတက်** **(Micro Garment Co., Ltd.)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၂၀-၁-၂၀၁၄
အချိန် - နံနက် ၉း၃၀
နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းကို တင်ပြပါမည်။

အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးအောင်သိန်း (B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၀၁၆၁၉၊ ၅၄၀၃၁၇

**WHITE FALCON RECRUITMENT COMPANY LIMITED.**
**ဖျက်သိမ်းရန် ကြေညာချက်**

၁။ **WHITE FALCON RECRUITMENT COMPANY LIMITED.** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

DAW THE PHYU
Managing Director
WHITE FALCON RECRUITMENT
COMPANY LIMITED.

ဦးဇင်ဝေ (၂၁၀)
(B.Com., C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာအရှေ့တောင်အာရှဈေးကွက် ကုမ္ပဏီလီမိတက်**
**MYANMAR SOUTH EAST ASIA MARKETING CO., LTD.**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာအရှေ့တောင်အာရှဈေးကွက် ကုမ္ပဏီလီမိတက် (MYANMAR SOUTH EAST ASIA MARKETING CO., LTD.)** အား (၁၈-၁၂-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနွစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ဦး
Managing Director
Myanmar South East Asia Marketing Co., Ltd.

ဦးအီနွစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

# ချိုးစိမ်း ကုမ္ပဏီလီမိတက်
# EMERALD DOVE COMPANY LIMITED.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ချိုးစိမ်း ကုမ္ပဏီလီမိတက် (EMERALD DOVE COMPANY LIMITED.)** အား (၁၈-၁၂-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ပိုပို
Managing Director
Emerald Dove Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၀-၁၂-၂၀၁၃။